**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၂၉ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၈–၃–၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

( က ) ဦးသိန်းညွန့်၊ သဃာ်ကျွန်း မဲဆန္ဒနယ်၏ **ပြည်ပမှ ခိုးသွင်းလာသည့် (၈) ပေ စလောင်း၊ JPMခေါ် လိမ္မော်ရောင်ဗန်း၊ PSIခေါ် အမဲရောင်ဗန်း စသည်ဖြင့် တရားမဝင် ကြိုလ်တုစလောင်းများနှင့် ပတ်သက်၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်၏ **နယ်မှလာသည့် မော်တော်ယာဉ်များကို သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး အစရှိသော မြို့များမှ ယာဉ်များ၏ မြို့ဝင်ကြေးနှုန်းထားအတိုင်း တူညီစွာသတ်မှတ်ပေးရန် သို့မဟုတ် မြို့တော်နယ်နိမိတ်ပြင်ပရှိ ယာဉ်များ၏ တန်ဖိုးနှုန်းထားအတိုင်း မြို့ဝင်ကြေးကောက်ခံမှုအား ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ **ဟိုပုန်းမြို့နယ်၊ မဲနယ်တောင်ဒေသရှိ ကျောက်ကချား– ထီတဲမ်းလိတ်–လိုင်းကလလမ်း၊ ကျောက်ကချား– ထီတဲမ်းလိတ် လမ်းခွဲမှ ပါခက်– ထီဆွေးလမ်း၊ ကျောက်ကချား–ထီတဲမ်းလိတ်လမ်းခွဲမှာ ပန်ကလားလမ်း စုစုပေါင်း (၁၄)မိုင် (၆) ဖာလုံမှာ မြေသားလမ်း ဆောက်လုပ်ပေးပြီးဖြစ်ရာ အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်ရှိ ကာလိမြို့တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်၍ လျှပ်စစ်မီးဖြန့်ဖြူးပေးရန်၊ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းကို နိုင်ငံတော်နှင့် လက်ရှိအကျိုးတူပူးပေါင်းလုပ်ကိုင်နေသော ပုဂ္ဂလိက လုပ်ငန်းရှင်ထံမှ ပြန်လည်ရုပ်သိမ်း၍ အစိုးရက စီမံပေးရန်နှင့် ကွန်ဟိန်းမြို့နယ်မှ ကာလိ/တာကောရွာအထိ/ အတွင်းရှိ ကျေးရွာ/ ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကယားပြည်နယ်၊ အစိုးရအဖွဲ့ရုံးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ တင်ဒါခေါ်ယူခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **ပခုက္ကူ–ပေါက်–မင်းတပ်–မတူပီ– ဆင်းလက်ဝ မှ တစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ စီးပွားရေး မဟာဗျူဟာလမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်ဖောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းသော **“အများပြည်သူ ဝန်ဆောင်မှု မီဒီယာ ဥပဒေကြမ်း”** ကို ရုပ်သိမ်းရန် တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။